

လုံးချင်းဝတ္ထုသစ်

# ပြဿနာ

## စွန့်လွှတ်ခြင်း၏တရားခံ

ပန်းချီသိန်းရွှေကြည်

# အခန်း (၁)

အရေးကြုံလျှင် ငွေများများ ပါလာဖို့ က အဓိကဟု မှတ်ထင်ထားသည် မှာ တကက်တက်စင်အောင် လွဲချော်သွားလေပြီ။

လမ်းခရီးတစ်လျှောက် မှတ်ပုံတင်ကတ်ပြားစစ်ဆေး၍ ရင်တထိတ်ထိတ်နှင့် အိတ်ထဲရှာဖွေကြည့်မှ အထက်တန်းကျောင်းသူဘဝက သိမ်းထားသော ကျောင်းသားကတ်ပြား အဟောင်းလေးနှစ်ခုကို ကျောပိုးအိတ်ထဲမှာ တွေ့လိုက်ရ၍ ထိုကျောင်းသားကတ်နှင့်ပင် အလုပ်ဖြစ်လာရသည် ။

အခုလည်း မှတ်ပုံတင်ကို မေးမြန်းပြန်ပြီ၊ ဧည့်စာရင်းတိုင်မလို့ တဲ့ ။

"ဒို့ဆီက သုံးရက်တစ်ခါ ဧည့်စာရင်းတိုင်ရတာ မှတ်ပုံတင်မရှိလို့ မဖြစ်ဘူး ဧည့်စာရင်း မတိုင်ရင် အိမ်ရှင်ရော ဧည့်သည် ပါ ဒဏ်ငွေပေးရတာ အိမ်ရှင်က များများ ပေးရတာ"

"ကျွန်မ မှတ်ပုံတင်နံပါတ်ကို အလွတ်ရပါတယ်၊ ကတ်ပြားပျောက်နေလို့ ပါ"

ကျောင်းသားကတ်ကို ထပ်မံ၍ မထုတ်ပေးလိုတော့ပေ။ ဆက်ဆံရေးညံ့သော ထမင်းဆိုင်၏ ခပ်ညံ့ညံ့နေရာတွင် ကျောတစ်နေရာစာရရုံအတွက် တည်းပြီး တစ်နေ့ခုနစ်ဆယ်ပေးကာ ထိုဆိုင်မှာ ပင် ထမင်းစားတတ်သော်လည်း သူမကို သိပ်မကြည်ဖြူချင်သေးပေ။

"ဒါဆို မင်းဘာသာမင်း ရယကရုံးမှာ သွားရှင်းတော့ ညွှေ့စာရင်းတိုင်ထားတဲ့ စာရွက်ပါမှ ဒီကိုပြန်လာခဲ့၊ သွား- မင်း အထုပ်ယူသွား"

သူမအား ခွေးတစ်ကောင်မောင်းသလို မောင်းထုတ်နေသော ဆိုင်ရှင်မိန်းမအား စူးစူးဝါးဝါးကြည့်ရင်းက ရင်ထဲမှာ လိပ်တက်လာသော ဒေါသစိတ်များကို အတင်းချိုးနှိမ်ရင်း သူမ၏ ကျောပိုးအိတ်ကို ကောက်ယူလိုက်သည် ။

"နေပါဦးကွာ ကိုယ့်ဆီလာတဲ့ ညွှေ့သည် ကို အဲဒီလောက်အထိ မဆက်ဆံပါနဲ့ ၊ ငါ ဖြေရှင်းပေးပ့ါမယ်"

"ရှင်ဝင်မပါနဲ့ ရှင်နဲ့ မဆိုင်ဘူး"

"ဟ ဘာလို့ မဆိုင်ရမှာ လဲ၊ ငါတို့ ဆိုင်မှာ ရှားရှားပါးပါး လာတည်းတဲ့ တစ်ယောက်တည်းသော ညွှေ့သည် လေကွာ ကောင်းကောင်း မွန်မွန် ဆက်ဆံရမှာ ပေ့ါ"

"ဘာ ညွှေ့သည် လဲ ကျုပ်တို့ ဆိုင်က ထမင်းစားရုံသက်သက်ပဲ တည်းခိုဖို့ ညအိပ်ဖို့ မဟုတ်ဘူး ၊ ကျုပ်တာဝန်မယူနိုင်ဘူး၊ တော်က တစ်ချိန်လုံး မူးမူးနေတာ၊ အခုမှ လာပြီး ဖြေရှင်းမယ်လေး ဘာလေးနဲ့ အပိုတွေ လုပ်မနေနဲ့ "

ဆိုင်ရှင်လင်မယား စကားစများကြလေပြီ။

ဒီတော့မှ သူမက ဆိုင်ရှင်မိန်းမကြီး မကြည်ဖြူရသည့် အကြောင်းကို ကောင်းစွာရိပ်မိတော့သည် ။

ဆိုင်ရှင်ယောကျ်ားက အရက်ခိုးဝေနေသော မျက်လုံးများ ဖြင့် သူမအား အမြဲစောင့်ကြည့်ပြီး ပယောပယီလုပ်ချင်သည် ။ သူမက လက်မခံဘဲ ရှောင်ဖယ်လွှန်းပြီး ဆိုင်ရှင်မိန်းမက သူ့ယောကျ်ားအနားမှ မခွာဘဲ

အစဉ်အမြဲ တွယ်ကပ်ထား၍ သာ သူမဘဝလုံခြုံနေသေးသည် ။

သို့ရာတွင် တစ်ရက်နှစ်ရက်အထိသာ အခန်းမရှိသော ထမင်းဆိုင်ခုံတန်းလျားလေးမှာ လုံခြုံနိုင်ပြီး ရက်ကြာလာလျှင် စိတ်မချရတော့။

ဆိုင်ရှင် မိန်းမကလည်း သူမယောက်ျားကို ကြာရှည်ကြိုးချည်ထားနိုင်ချင်မှ ချည်ထားနိုင်ပေလိမ့်မည်။

အခြေအနေအရပ်ရပ်ကို နားလည်သော၊ ပါးနပ်သော မိန်းကလေးပီပီ ဆိုင်ရှင်လင်မယား စကားများ နေစဉ် အသာလစ်ထွက်လာခဲ့၏။

သူမ ဘယ်သွားရမှာ လဲ။

အဆိုးဝါးဆုံးသော အခြေအနေကို ရင်ဆိုင်ရန် အသင့်ပြင်ထားသူပီပီ ခြေဦးတည့်ရာ တာလမ်းတစ်လျှောက် ဆက်၍ ထွက်လာခဲ့သည် ။

ဘယ်နေရာ ဘယ်ဒေသသို့ သွားရမည် မသိပေ။ သူမအသိနှင့် ဆွေမျိုးများကလည်း ရန်ကုန်ပတ်ဝန်းကျင်မှာ သာရှိပြီး နယ်မှာ တစ်ယောက်မှ မရှိပေ။

ဒီအတိုင်းသွားရင်တော့ ပါလာတဲ့ ငွေငါးသောင်းကတော့ ပြောင်သွားတော့မှာ ပဲ။

"တီ တီ တီ တီ"

အဝေးမှ ဟွန်းသံပေး၍ မောင်းလာသော ကုန်တင်ထားသည့် ဒေါ့ဂျစ်ကားတစ်စီးကြောင့် တွေပြီး ရပ်ကြည့်နေမိသည် ။

ကားရှေ့ခန်းဘေးတွင် ခရီးသည် ယောက်ျားနှစ်ဦး တွယ်ကပ်လိုက်လာ၏။ ရှေ့ခန်းထိုင်ခုံမှာ မိန်းမနှစ်ယောက် အမိုးပေါ်မှာ လူလေးငါးယောက် ကိုယ့်ကိုယ်ကို သတိမထားလိုက်မိချိန် လက်ကို မြှောက်၍

တားလိုက်မိသည် ။

အလွယ်တကူပင် ကားကရပ်သွား၏။

"အစ်မလေး လွိုင်ကော်ကို ငါးရာနော် လိုက်မလား ရှေ့ခန်းမှာ ချစ်ကြည်စွာ စီးရမယ် မိန်းကလေးမို့နော်"

လိုက်မယ်-

"တက်လေ"

ဒရိုင်ဘာက တက်လေဟူသောစကားကြောင့် ကားခေါင်းထဲကို ကြည့်ပြီး အူကြောင်ကြောင်ဖြစ်သွား၏။

"ဘယ်နေရာ တက်ရမလဲ"

"ကဲ-ဟုတ်သားပဲ ကဲ နောင်ကြီးက အမိုးပေါ်တက်ပေးပါ။ ဒီကအစ်မက အဲဒီဘေးမှာ ကပ်ထိုင်လိုက်ဗျာ၊ ထွက်တော့မကျပါဘူး သစ်သားပေါင်လေးက နိုင်ပါတယ်၊ ကျေးဇူးပဲဗျာ"

"အေး"

ယောက်ျားကြီးတစ်ယောက်က ဘာမှ စောဒကမတက်ဘဲ ကြည်ကြည်သာသာနှင့် အမိုးပေါ်တက်သွား၏။

"အလယ်က အစ်မက ရှေ့နည်းနည်းတိုးထိုင် အစ်မလေးက အစွန်မှာ ဆိုတော့ နောက်ဆုတ်ထိုင်၊ ဟုတ်ပြီ ထိုင်လို့ ရပါပြီဗျာ၊ ချစ်ချစ်ခင်ခင်လေးပေါ့ ကဲ ဆွဲပြီ"

စပါယ်ယာမပါဘဲ တစ်ကိုယ်တည်း အော်ဟစ်၍ မောင်းထွက်သွားသော ကားပေါ်မှာ ဇေဒါပွင့်လိုမျောပါ လာလေပြီ။ အစုန်ခရီးမို့ အနည်းငယ် သက်သာနေသည် ။

စောစောက အဆန်ခရီးကို လျှော်လိုက်ရသောကြောင့် ရင်တုန်မော ဟိုက်နေမိ၏။

"အင်း ကျားခံတွင်းဝ တစ်ခုကတော့ လွတ် လာပြီပဲလေ၊ ရှေ့ခရီးမှာ အစုန်ခရီးဖြစ်ပြီး မိုးလေသာတို့ ပဲ အရေးကြီးတာ"

"ဘုရား ကယ်တော်မူပါ၊ ကျွန်မ ဘာတစ်ခုမှ မကောင်းတာ မလုပ်ခဲ့ ပါဘူး၊ ကျွန်မဘက်က မယားဝတ္တရားကျေပွန်ခဲ့ပါတယ်၊ ဤမှန်သောစ ကားကြောင့် ကျွန်မအား ကူညီသူများ သာ တွေ့ရပြီး သူတော်ကောင်းနဲ့ တွေ့ပါစေ သူယုတ်မာနဲ့ လွဲပါစေ ဖယ်ပါစေ"

ဆိုဖာမပါသော သစ်သားကုလားထိုင်နောက်ကို မှီရင်းက နှုတ်ဖျားမှ တိုးဖွဖွလေး ဆုတောင်းလိုက်သည် ။

ညများ ၌ နိုးနိုးကြားကြားအိပ်ပြီး ကိုယ့်ကိုယ်ကို ကင်းစောင့်ခဲ့သောကြောင့် အိပ်ပျက်ခဲ့သောနေ့များ အတွက် အတိုးချ၍ မှိန်းနေလိုက်၏။

"ဟဲ့ ကောင်မလေး၊ အိပ်နေလိုက်တာ ပြုတ်ကျသွားမယ်၊ လာ လာ လာလာ ငါနဲ့ နေရာလဲအေ"

ဒရိုင်ဘာအနားမှာ ကပ်လျက်ထိုင်နေသော အဘွားအိုက အမြင်မ တော်စွာဖြင့် နေရာလဲထိုင်ခိုင်းလိုက်၏။

"ကူညီသူတော့ တွေ့ပြီပဲ"

ရင်မှာ ဝမ်းသာကြည်နူးသွားသည် ။ ရိုးသားလှသော မျက်နှာသုတ်ပ ဝါခေါင်းပေါင်းနှင့် မိန်းမကြီး၏ ကူညီမှုကြောင့် ဒေါ်ဂျစ်ရှေ့ခန်းမှာ ပင် တစ်ယောက်ခြားအလဲအလှယ်လုပ်ကြ၏။

ဒေါ်ဂျစ်ရှေ့ခန်းသည် ဒိုင်နာရှေ့ခန်းထက် များ စွာ ကျယ်ဝန်း၍ အ

လယ်ကတစ်ယောက်ကို ရှေ့တိုးထားပြီး ထိုင်ခုံပေါ်က တစ်ယောက်က ကူးပြီး မိန်းမကြီးက ရှေ့မှ နေ အလယ်တစ်ယောက်ကို ကျော်ကူးလိုက်၏။

"ကျုပ်က ရှေ့ဆင်းမှာ ပဲ"

"ဟား - သရုပ်ပျက်ပဲ ကားမောင်းသူကို အာရုံများ အောင် လုပ်နေရင် ကားကို ချောက်ထဲဆွဲချလိုက်မှာ နော်"

"ချ လိုက်လေ နင့်ကုန်တွေရော နင့်ကားရော ကျွမ်းပစ်ကုန်မှာ ပေါ့"

မိန်းမကြီးက အားကျမခံ နှုတ်ခမ်းထော်၍ ဒရိုင်ဘာကို ရန်တွေ့လိုက်သည် ။

ဒရိုင်ဘာက တဟဲဟဲရယ်ရင်းက -

"ငါးရာတန်ကြီး မျက်နှာကပ်ထားလို့ နော်၊ နို့မဟုတ်ရင် အလုပ်ရှုပ်မခံဘူး ဗျနော်"

"နင်တို့ က စက်ကြီးရှိနေတော့ ငါတို့ ကလဲ ဘယ်လောက်ပေးရပေးရ လိုက်နေရတာပဲနော်၊ ဒီတစ်ခါ နင့်ကို ကွမ်းကျွေးပါမယ်ဟယ် အပြန်ကျရင် ငါ့ကို ဝင်ခေါ်ပါနော်"

"အဒေါ်ကြီးနာသွားဦးမယ်နော်၊ လမ်းကဖြတ်လိုက်လို့ ကတော့ ရှေ့ခန်းမပေးဘူးဗျ၊ နောက်ခန်းက ငါးပိပုတ်ထဲပဲ ရမှာ ပဲနော်"

"အိုး ငါးပိပုတ်ဖြစ်ဖြစ် မစင်ပုတ်ဖြစ်ဖြစ် လိုက်ရဖို့ က အရေးကြီးတယ်"

သူတို့ နှစ်ဦး၏ စကားတိုက်စစ် ကျည်ဆန်များ ဆူညံစွာ ပျံဝဲနေကြသော်လည်း သူမက မေးငိုက်ပြီး ဒရိုင်ဘာ၏ ကူရှင်ခုံနှင့် သူ၏ လက်

မောင်းကိုပါ ရောမှီ၍ အေးချမ်းစွာ ငိုက်ပစ်လိုက်သည် ။

"ကောင်းရော ဘယ်လောက်နှစ်ပေါင်းကြာအောင် အိပ်ပျက်ခဲ့သလဲ မသိဘူးဗျာ"

***

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိလိုက်ပေ။ နားထဲမှာ ဆူဆူညံညံကြား၍ ရုတ်တရက် မျက်လုံးမဖွင့်ဘဲ အသာအယာမှေးငိုက်ရာမှ နားစွင့်နေမိသည် ။

"ကဲ မှတ်ပုံတင်တွေ ထုတ်ပြီး ကိုင်ထားကြနော်၊ မှတ်ပုံတင်မပါရင် ခရီးထွက်ခွင့် ထောက်ခံချက်ပါလာရမယ်နော်"

ဩဇာအာဏာ အသံအပြည့်နှင့် ယောက်ျားတစ်ဦး၏ အသံကြောင့် သူမရင်ထဲစိမ့်သွားသည် ။

"ဖြစ်လာရပြန်ပြီ ဒီမှတ်ပုံတင် ပြဿနာက ကဲ ဖြစ်ချင်ရာဖြစ်စမ်း"

တမင်ပင် မျက်စိစုံမှိတ်၍ ပေတေပြီး အိပ်ပစ်လိုက်တော့သည် ။ နောက်ခန်းမှ ခရီးသည် များကို တစ်ယောက်ချင်း မှတ်ပုံတင်စစ်ပြီး ရှေ့ခန်းကို ကူးလာစဉ်-

"ဟာ ဟိုတစ်ယောက်က အိပ်နေပါလား နှိုး လိုက်လေ မှတ်ပုံတင် ထုတ်ခိုင်းလိုက်"

"သူ့ဘာသာသူ အိပ်နေပါစေဗျာ၊ ကျုပ်လူပဲ ကျုပ်အာမခံပါတယ်၊ ရန်ကုန်ကလာတာ ခရီးပန်းလာလို့ အိပ်မောကျနေတာ ပင်ပန်းနေလို့ ဗျ၊ ရထားစီးလာကာ မှတ်ပုံတင်မပါဘဲနဲ့ စီးလို့ ရမလားဗျ၊ နေ နေ သူ့အိတ်

ထဲ ကျွန်တော်ယူပေးမယ် ခဏစောင့်နော်"

သူမက ကျောပိုးအိတ်ပိုက်ကာ အိပ်နေလိုက်သောကြောင့် ကားဒရိုင်ဘာက ပြောလိုက်သည် ။ ဘာပဲဖြစ်ဖြစ် သူမကျောပိုးအိတ်ကိုတော့ အကိုင်မခံဘဲ စစ်လာလျှင် အိပ်ချင်မူးတူးနှင့် ကျောင်းသားမှတ်ပုံတင်ကိုသာ ထုတ်ပြရတော့မည် ဖြစ်ပေသည် ။

"ကဲ-သွားတော့ဗျာ၊ ရပါတယ်၊ ခင်ဗျားအာမခံရင် ပြီးရောပေါ့"

အစဉ်အမြဲသွားလာနေသော မျက်နှာကြက်များကိုမူ အချိန်ကုန်ခံ၍ စစ်ဆေးမနေတော့ပေ။

ကားထွက်သွားမှ ငိုချင်သည့်စိတ်ကို ထိန်းချုပ်ရင်းက မျက်နှာသုတ်ပဝါနှင့် မျက်နှာကို ပွတ်သပ်လိုက်မိသည် ။

"ကားဒရိုင်ဘာက သူမအား ငဲ့ကြည့်ပြီး -"

"အိပ်- အိပ် - ဝအောင်သာအိပ် နောက်တစ်ခါ အိပ်ရင် မှတ်ပုံတင်ကို ထုတ်ထားပေးပြီးမှ အိပ်ပေါ့"

သူမ ဘာမျှမပြောတော့ဘဲ ကားဒရိုင်ဘာကို မသိမသာ အကဲခတ်လိုက်သည် ။

ရုပ်ရှင်တို့ ဗီဒီယိုတို့ ထဲကလို အားကိုးအားထားကယ်တင်ရှင်များလားဟု ဥပမိကို အကဲခတ်လိုက်၏။

"ဟင် တစ်စက်မှ မလှဘူး"

အရပ်မြင့်မြင့် အသားညိုညို နှာခေါင်းကြီးကြီးနှင့် နှုတ်ခမ်းထူ တွဲတွဲဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၍ မျက်ခုံးကို မမြင်ရသော်လည်း မျက်ပေါက်က ကျဉ်းနေသည် ကိုတော့ လျှပ်တစ်ပြက် အကဲခတ်မိသည်

။

စောစောက နေရာလဲပေးသော အမျိုးသမီးကြီးကိုကြည့်လိုက်သော အခါ ဘာသိဘာသာနှင့် ကွမ်းဝါးနေပြီး အပြင်သို့ တပျစ်ပျစ် ထွေးရန်ကို သာ အာရုံစိုက်နေသည် ။

အလယ်က မိန်းမကမူ လွယ်အိတ်ကလေးကို ပိုက်ကာ အဝေးသို့ငေး ရင်း တစ်စုံတစ်ခုကို စဉ်းစား၍ လိုက်ပါလာ၏။

ဘယ်သူ့ကိုမှ အားကိုးအားထားမမြင်ရပေ။ လမ်းကလည်း တစ်စတ စ်စ ကြမ်းလာသဖြင့် သတိထား၍ ထိုင်နေလျက်ကပင် နောက်ကို လန် ကျလိုက် ရှေ့ကိုငိုက်ကျလိုက်နှင့် ဖြစ်နေ၏။

လမ်းတစ်နေရာတွင် ဘေးမှ အဒေါ်ကြီးဆင်းသွားပြီး နောက်ထပ်ခ ရီးသည် မိန်းမကြီးတစ်ယောက် တက် လာပြီးနောက် စောစောက တိတ် ဆိတ်နေသော ရှေ့ခန်းလေးမှာ စကားသံများ ဖြင့် စိုပြည်သွားတော့သ ည် ။

"ဟဲ့ နန်းမြာအေး နင် ဒီကိုဘာလာလုပ်တာလဲ"

"ဩော် ပန်းစိုက်တော့မယ်လေ၊ မိုးပဲကုန်တော့မယ် ပန်းပြန်စိုက် တော့မှာ ပေ့ါ"

"နင် ပင်လောင်းမှာ အဆင်မပြေဘူးလား"

"မပြေပါဘူးဟာ ကုန်ကပြတ်ပြတ်သွားတော့ အလုပ်က ပြတ်နေတ ယ်၊ ကိုယ့်ဆီမှာ ပြန်ပြီး ပန်းစိုက်တာ ကောင်းပါတယ်"

"အေး ငါလဲ စိုက်ရင်ကောင်းမယ်၊ နင်တို့ အနားမှာ မြေကွက်လွတ် တွေ ရှိတယ်ဆို၊ အဲဒါ ဘယ်သူစိုက်သေးလဲ"

"မစိုက်ဘူး၊ နူးသေသွားပြီးကတည်းက သူ့ယောကျ်ားက သူ့အရပ် ပြန်သွားပြီး ဘယ်သူမှ မစိုက်တာ နှစ်နှစ်တောင်ရှိပြီ မြေတောင်ရိုင်းနေပြီ"

"နှမြောစရာကြီး နေဦး ငါ လူစုဦးမယ် အလုပ်သမားက ရှားသားပဲ"

သူမက အမျိုးသမီးကို ဖျပ်ခနဲလှမ်းကြည့်လိုက်သည် ။ တဆတ်တည်းမှာ ပင် သူ့ပါးစပ်ကထွက်သွား၏။

"ဘာအလုပ်မို့လို့ လဲ"

"ဩော် အလုပ်ကြမ်းပေ့ါအေ၊ ပေါက်တူးပေါက် ရေလောင်းတဲ့ အလုပ်ပေ့ါ"

"ရေလောင်းတဲ့ အလုပ်တော့ လုပ်နိုင်တယ်၊ ပေါက်တူးတော့ မပေါက်နိုင်ဘူး"

"ဟင် နင်က လုပ်မှာ လား"

"လုပ်ချင်တယ်၊ နေစရာရရင် ပိုကောင်းမယ်"

"လူဘယ်နှစ်ယောက်နေမှာ လဲ"

"ကျွန်မ တစ်ယောက်တည်း"

ထိုအခါ နန်းမြာအေးက သူမကို ခြေဆုံးခေါင်းဆုံးလှည့်ကြည့်လိုက်သည် ။

နန်းမြာအေးက အရွယ်နှင့် မလိုက်အောင်ပင် ရပ်ကျလျက် အလုပ်ကြမ်းများကို ဦးဆောင်လုပ်ရသူပီပီ သူမကို အကဲခတ်ရင်းက နှုတ်ခမ်းကိုမဲ့ကာ ခေါင်းယမ်းလိုက်၏။

"နင် မလုပ်နိုင်ပါဘူး၊ နင့်ပုံစံက မင်းသမီးကျနေတာပဲ"

"ကျွန်မ ရေလောင်းမြက်နုတ်တော့ လုပ်နိုင်ပါတယ်၊ ကျွန်မ လွှိုင်

ကော်မှာ အသိမရှိလို့ ပါ၊ တောင်ကြီးက သူငယ်ချင်းဆီ လာတာ ပြောင်း သွားလို့ နေစရာမရှိလို့ ဒီဘက်ထွက်လာလိုက်တာ၊ အလုပ်လုပ်ရင်း နေ စရာရမယ်ဆိုရင် အဆင်ပြေပါတယ်။ ကျွန်မ တဖြည်းဖြည်းတော့ လုပ်ပါ့မယ်"

နန်းမြာအေးက သူမကို ခြေဆုံးခေါင်းဆုံး ထပ်မံကြည့်၍ သူမ နားမ လည်သော ကယားလိုလို ကရင်လိုလို စကားများ ဖြင့် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ပြောနေကြ၏။

ထိုအခါ ကားဆရာကပါ ဝင်၍ ပြောလိုက်သည် ။

သူတို့ သုံးဦး၏ စကားကြားတွင် သူမကမျက်လုံးလေး ကလည်ကလ ည်နှင့်နောက်တော့ နန်းမြာအေးက သဘောတူလိုက်သည် ။

"နင်က မိန်းကလေးမို့ ငါလက်ခံလိုက်ပြီ၊ ဒါပေမဲ့ နင့် ဘာသာ နင်နေ ပြီး ချက်စား၊ အခုတော့ နင်မြက်နုတ်မြက်ရှင်းရုံပဲပေ့ါ၊ နင်လုပ်နိုင်သ လောက် လုပ်ပါ၊ နင့်ကို ငါတို့ လုပ်အားခ ခြောက်ဆယ်ပဲ ပေးမယ်၊ ပန်း စိုက်ခါနီးမှ နင်လုပ်နိုင်ပြီဆိုမှ တစ်ရာပေးမယ်၊ နင် အလုပ်မလုပ်တဲ့ နေ့ လုပ်အားခမရဘူး လုပ်မှ ရမယ်"

နန်းမြာအေး၏ မာပြတ်ပြတ်စကားကြောင့် ရင်ထဲမှာ တင်းခနဲဖြစ် သွားသည် ။ အောက်နှုတ်ခမ်းကို မသိမသာဖိကိုက်ရင်းက သက်ပြင်းကို ချကာခေါင်းညိတ်လိုက်၏။

"ကျွန်မ လုပ်ပါ့မယ်"

ဘာပဲဖြစ်ဖြစ် သူ့ဘဝ၏ နားခိုရာနေရာလေးမှာ မာန်မာနများ ချကာ တွယ်ကပ်၍ နေပေတော့မည်။ ထမင်းဆိုင်မှာ လို နေ့ထမင်းစားခုံခင်းပြီး ညအိပ်ရန်နေရာကို လှည်းကျင်းတိုက်ချွတ်ပြီး မ

လုံမခြုံဖြစ်နေတာထက်စာလျှင် တည်တည်ငြိမ်ငြိမ်နှင့် အေးအေးချမ်းချမ်းနေရလျှင်တော်ပြီဟု ထင်မှတ်ကာ စိတ်အေးသွားတော့သည် ။

ယခုမှ ပတ်ဝန်းကျင်ကိုကြည့်မိတော့ မိုးဗြဲရေလှောင်ကန်ကြီး ဖွေးဖွေးကြီးကို တွေ့ရသည် ။ ထိုရေကန်ကြီးကို ငေးမောကြည့်ရင်းက မိမိသည် အိပ်မက်မက်နေသည် ဟု ပင် ထင်မှတ်ကာ ကိုယ့်ဘဝကို ကိုယ့်ဘာသာအံ့ဩနေတော့သည် ။

"လွိုင်ကော်ကို မိုးချုပ်မှ ရောက်မယ်ထင်တယ်၊ ခါတိုင်း ဒီကားက စောပါတယ်၊ အခုမှ ပင်လောင်းမှာ အကြာကြီးရပ်နေတာ ဘာလုပ်မှန်းလဲ မသိဘူး"

"စက်ကို စစ်ဆေးနေတာဗျ၊ ကားဆိုတာ စီးဖို့ သက်သက် မဟုတ်ဘူး ၊ သူ့ကိုအနားပေး ဆေးကုပေးပြီး ပြုစုယုယနေရတာဗျ၊ မိန်းမယူရတာထက်တောင် ကရိကထ နိုင်နေသေးတယ်"

ဖယ်ခုံတွင် ခဏသာလူတင်ပြီး ဆက်ထွက်ကာ မြင့်မားသော ကျောက်တောင်ကြီးများ ကြားမှာ အတက်အဆင်း အလွန်များ နေသည် ကို သူမကကြည်နူးသလိုလို လွမ်းသလိုလိုနှင့် သူမ၏ ဘဝအကြောင်းများကို မတွေးမိစေရန် သတိထားလိုက်ရင်း မမြင်ဖူး မသွားဖူးသော အရပ်ကို စူးစမ်းမှု အာရုံနစ်မြုပ်လျက်-

မိုးဗြဲရေကာတာပတ်ဝန်းကျင်မှ တဖြည်းဖြည်းမှောင်ရိပ်သမ်းသွားပြီး ရေပြင်ကိုသာ လင်းလဲ့စွာတွေ့ရ၏ ။ မကြာမီ မြေပြန့်လမ်းကို ရောက် လာပြီး ထိုင်ရသည် မှာ တဖြည်းဖြည်း နေသားကျလာ၏။

"အစ်မ နန်းမြာအေးတို့ လွိုင်ကော်ကို လိုက်ဦးမလား"

"မလိုက်တော့ဘူး၊ ဒီမှာ ပဲဆင်းမယ်တဲ့ နင်ရော လိုက်မလား တစ်ခါ တည်းနေမလား"

"အစ်မတို့ အိမ်က အဆင်သင့်မရှိသေးပါဘူး၊ လွိုင်ကော်ပဲလိုက်ခဲ့ပေ့ါ၊ နောက်နေ့မှ ကျွန်တော်လိုက်ပို့ပေးပါမယ်"

"အခု ဘယ်ခေါ်သွားမှာ လဲ"

"မြို့ထဲက ထမင်းဆိုင်တစ်ခုခုမှာ တည်းဖို့ ချထားမယ်လေ"

"ဟင့်အင်း ကျွန်မ ကျွန်မ ထမင်းဆိုင်မှာ မတည်းတော့ပါဘူး၊ ဒီအစ် မတွေနဲ့ ပဲ နေခဲ့ပါမယ်"

သူမက ကပျာကယာဝင်ပြောလိုက်၏။ တစ်ခါခဲမှန်ဖူးသလို လန့်သွားသည် ။ ကားဒရိုင်ဘာက ပြုံးလိုက်ရင်း-

"ကျုပ်တို့ ကားသမားတွေအတွက် သီးသန့်ထမင်းဆိုင် ရှိပါတယ်၊ စိ တ်ချရပါတယ်၊ ခင်ဗျား ညစာအတွက် ခက်နေမှာ စိုးလို့ ပါ"

"ကိစ္စမရှိပါဘူး၊ တစ်နေ့တလေ ရပါတယ်၊ ကျွန်မ ဒီအစ်မနဲ့ ပဲ လိုက် သွားပ့ါမယ်၊ ကျေးဇူးပဲနော်"

နန်းမြာအေးနောက်သို့ မျက်ခြည်မပြတ်အောင် ကပျာကယာပြေးလို က်သွားသည် ။

"ကလေးမလေး ငါနောက်နေ့လာမယ်နော်"

အဒေါ်ကြီးက လှမ်းပြောလိုက်သည် ကိုပင် ပြန်မဖြေမိ။ အမှောင်ထဲ မှာ ကျင့်သားရအောင် လမ်းကိုစမ်း၍ လျှောက်ရသည့် အလုပ်ကို မလုပ် တတ်ပေ၊ ပင်လောင်းမှ ဝယ်လာသော ဖယောင်းတိုင်နှင့် မီးခြစ်ကို အိ တ်ကပ်ထဲမှာ ရှိမရှိ စမ်းကြည့်ရင်း-

ရှေ့ခရီးအတွက် စမ်းတဝါးဝါးလျှောက်လာရင်း အားကိုးအားထားန န်းမြာအေး နောက်သို့မျက်ခြည်မပြတ် လိုက်လာခဲ့သည် ။

***

"ကျုပ်ကမုဆိုးမပဲ သားသမီးတွေက သူ့အိမ်ထောင်နဲ့ သူတို့ ဖြစ်နေကြပြီဆိုတော့ ကျုပ်တစ်ယောက်တည်းပဲ ဘယ်သားသမီးနဲ့ မှ လိုက်နေလို့ မကောင်းပါဘူးတော် ကိုယ့်ဘာသာကိုယ် နေပြီး အလုပ်လုပ်စားတာပဲကောင်းတယ်"

ညပိုင်းတွင် နန်းမြာအေးတို့ အပျိုကြီး ညီအစ်မကြားတွင် တိုးဝှေ့အိပ်လိုက်၏။ ထမင်းတစ်လုတ်စားရန်အတွက်ကိုလည်း အိမ်မှာ ရှိသည့်ထမင်းကို မျှတစားလိုက်ရသည် ။

စကားနည်းပြီး ဖော်ရွေမှု၊ လောကဝတ်တို့ မရှိသော်လည်း စေတနာ သဒ္ဓါတရားအပြည့် ရှိကြောင်း သူမ ရိပ်မိလိုက်၏။

ထို့ကြောင့် သူတို့ ညီအစ်မနှင့်အတူ နေထိုင်ရန် ဆုံးဖြတ်ချက်ချလိုက်မိသည် ။

မနက်လင်းသောအခါ ကားပေါ်မှာ တွေ့ရသော မိန်းမကြီးက ရောက် လာပြီး သူတို့ လုပ်မည့်ခြံကို လိုက်ကြည့်ကာ-

"လက်အောင်ကတော့ အဒေါ်အိမ်ဆောက်ရင် ဝါးလာချပေးမယ်ပြောတာပဲ"

"ဒီလူ သဘောကောင်းနေပါလား ဧည့်သည် မလေးကြောင့်ပဲလား"

သူတို့ ၏ အကြည့်များကိုမသိဟန်ပြုကာ တစ်ဖက်သို့လှည့်လိုက်စဉ်

မနေ့က သူတို့ စီးလာသော ဒေါ်ဂျစ်ကားမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ခြံရှေ့ရောက် လာလေ၏။

"ဘယ်နဲ့ လဲ အလုပ်ဖြစ်ကြရဲ့ လား"

ပြောပြောဆိုဆိုနှင့် ကားပေါ်မှ ခုန်ဆင်းလာရင်း မေးလိုက်သည် ။

သူမက သူ့အား တအံ့တသြနှင့် ငေးကြည့်နေမိသည် ။ သူသည် မနေ့ညက တွေ့လိုက်သလိုပင် မျက်နှာသုတ်ပဝါကို ပခုံးတင်လျက် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ ညစ်ပေနေသော အင်္ကျီကာကီရောင်နှင့် ဘောင်းဘီအညိုကို ဝတ်ထားဆဲ။

"ကျွန်တော့်ကိုလဲ နှစ်ရက်လောက်ငှားပါလား၊ နေ့စားနဲ့ ခြံဝိုင်းရှင်းပေးမယ်လေ"

"တကယ်လား၊ နင် လုပ်နိုင်ရင် တစ်ရာပေးမယ်"

"နည်းတာပေါ့ တစ်ရာ့တစ်ဆယ် ပေးဗျာ"

"အီး ကောင်ကလေးနော် နင့်ကားစီးရင် အလကားလိုက်စီးမှာ ပဲ"

"ကျွန်တော့်အုံနာ ကျေနပ်ရင် လိုက်စီးပေါ့"

"ဟဲ့ နင်က ကားပိုင်မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ကြံကြီးစည်ရာ ကျွန်တော်က လခစား ဒရိုင်ဘာပါ ကျွန်တော်တို့ သူဌေးရှိတယ်ဗျ"

အဒေါ်ကြီးနှင်အတိုင်အဖောက်ညီညီ ပြောနေသည် ကို သူမက နားထောင်ရင်း မြက်ပင်ဖုံးနေသော ကွင်းပြင်ကိုကြည့်ပြီး သက်ပြင်းမောကြီးချမိတော့သည် ။

ဒါတွေကို မိမိလုပ်နိုင်ပါ့မလား။

အို ရအောင်တော့ လုပ်ရမှာ ပဲ ထမင်းတစ်လုတ်စားဖို့ ဘဝရပ်တည်ဖို့ အတွက် အလုပ်လုပ်ရတော့မည်။

"နင်တို့ နှစ်ယောက်ကို ငါ မနက်စာကျွေးမယ်၊ ညနေစာအတွက်တော့ နင့်ဘာသာ အိမ်ပြန်မှ စား၊ ကောင်မလေးကတော့ ငါနဲ့ စားပေ့ါ၊ ကဲ-ငါနဲ့ ကောင်မလေးနေဖို့ အိမ်ကိုပြုပြင်မယ်၊ လာ နင်ပါဝိုင်းလုပ်ပေးပါဟဲ့၊ ဒီနေ့အဖို့ ငါတို့ အိမ်ကို အရင်ပြုပြင်ရမယ်၊ အဲဒီအနီးအနားက မြက်ပင်တွေပါရှင်းအောင်"

"ကျွန်တော့်ကားထဲမှာ ဓားတို့ ပေါက်တူးတို့ ပါပါတယ်၊ အဒေါ်တို့ သွားနှင့်"

နန်းမြာအေးနှင့် အဒေါ်ကြီးသည် စကားတပြောပြောနှင့် ရှေ့မှ သွားသည် ကို သူမကနောက်မှ လိုက်ရင်း ယခင်ပန်းစိုက်ထား၍ ကမူကလေးများ ဖြစ်နေသည် ကို သတိထားကြည့်မိရင်းက-

"ဘာပန်းတွေ စိုက်ထားပါလိမ့်"

"သိပ်မပျက်စီးသေးပါဘူး၊ နင့် အမေ မနေတာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"နှစ်နှစ်ပေ့ါ"

ပုံသွင်းထားသော မြက်ထုံးအဖြူများ ဖြင့် အကာပြုလုပ်ထားသည် ။ အမိုးမရှိပေ။ ကိုးပေသာသာကျယ်သော အခန်းလေးတစ်ခုသာ ရှိသည် ။

"ဒါ ရေချိုးခန်းလား၊ မီးဖိုချောင်လားပဲ"

နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်မိသည် ။

"ရေချိုးခန်းလဲ မဟုတ်ဘူး ၊ မီးဖိုလဲ မဟုတ်ဘူး ၊ အိမ် အိမ်ဗျ၊ အပြင်မှာ ထွက်ပြီး ချက်တယ်၊ ဆောင်းနဲ့ မိုးတွင်းကျတော့ ဒီထဲ ဝင်အိပ်ကြတ

ယ်လေဗျာ၊ အရင်က အဘိုးကြီး အဘွားကြီးနှစ်ယောက်ထဲနေတာတဲ့ ၊ ကဲပါ ခင်ဗျားပူမနေပါနဲ့ ၊ နေလို့ ရအောင် အိမ်လုပ်ပေးမယ်ဗျာ"

ထင်းရှူးသေတ္တာအဟောင်းတစ်လုံးနှင့် စားပွဲခုံအပျက်တစ်လုံးသာရှိသည် ။

"ကဲ-ကျွန်တော်က အိမ်ဖန်တီးပေးမယ်၊ ခင်ဗျားတို့ က ပတ်ဝန်းကျင်က မြက်တွေအရင် ရှင်းကြပေ့ါဗျာ"

သူ့လက်ထဲက ဓားနှင့်ပေါက်တူးကို လှမ်းပေးလိုက်၏။ နန်းမြာအေးနှင့်အဒေါ်ကြီးက ပေါက်တူးနှင့် ဓားကိုယူကာ-

"ငါကပေါက်တူးပေါက်မယ်၊ အဒေါ်နဲ့ နင်က ဓားနဲ့ မြက်ခုတ်တော့"

"ဘုရားရေ ဘယ်လိုခုတ်ရပ့ါ"

သူမရင်ထဲ အလန့်တကြား အော်လိုက်မိတော့သည် ။ သို့ရာတွင် အဒေါ်ကြီးခုတ်သလို လိုက်ခုတ်ရ၏။

"အာ မပြတ်ပါလား၊ ဓားတုံးနေတယ် ထင်တယ်"

"အစ်မလေးရေ၊ အားထည့်ပြီး ခုတ်ရတယ်ဗျာ၊ မြက်ခုတ်ဓားကထက်လို့ မရဘူးလေ၊ အဒေါ်ကြီး ခုတ်သလို အားထည့်ခုတ်ပေ့ါ"

မွေးကတည်းက အားထည့်ရသည့် အလုပ်ကို မလုပ်ဖူးသောကြောင့် အတော်လေးကသီကာ မလုပ်တတ်မကိုင်တတ် ဖြစ်ရသည် ။ လက်နှင့်ဆွဲနုတ်လိုက် ဓားနှင့်ခုတ်လိုက်နှင့် လုပ်တတ်အောင် လုပ်ရသည် ။

တစ်နေ့ ခြောက်ဆယ်နှင့် တန်အောင် အလုပ်လုပ်ရပေဦးမည်။

"တောက် ငါ့ဘဝက ဒီလိုဖြစ်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး"

"ဒီနေရာမှာ နှင်းဆီများများ စိုက်မှ အိမ်နားမှာ နှင်းဆီနံ့လေးမွှေးနေမှာ "

စိတ်ကူးယဉ်ဆန်ဆန်နှင့် ပြောလိုက်သော ကားဒရိုင်ဘာကို တွေခနဲ လှမ်းကြည့်လိုက်သည်။

"ယောက်ျားတွေဟာ အနုအလှနဲ့ ကိုယ့်စိတ်သာယာမှုကို ဦးစားပေးတတ်တဲ့ အမျိုးအစားတွေချည်းပါလားကွယ်"

***